## ဒီတပတ်မှာတော့ "အလွန်အမင်း ဆင်းရဲမွဲတေမှုကို ဘယ်လို လျော့ချမလဲ" ဆိုတဲ့ ခေါင်းစဉ်နဲ့ ဒီဗွီဘီဒီဘိတ်ကို ဆွေးနွေးကြမှာ ဖြစ်ပါတယ်။

ကမ္ဘာသိ ဖွံ့ဖြိုးရေးပညာရှင် ပါမောက္ခ ပေါ်လ်ကိုလီယာ (Paul Collier) ရဲ့ သုတေသနတွေ့ရှိချက်အရ အလွန်အမင်း ဆင်းရဲခြင်းရဲ့ အဓိက ရေခံမြေခံက ပဋိပက္ခတွေနဲ့ ဆိုင်ပါတယ်။ ပဋိပက္ခတွေရှိနေတဲ့ တိုင်းပြည်မှာ အစိုးရက အခြေခံအဆောက်အအုံပိုင်းနဲ့ ပညာရေးစရိတ် မသုံးနိုင်၊ လူငယ်တွေ ပညာမဲ့ပြီး အခြေခံအဆောက်အအုံ မပြည့်စုံတဲ့ တိုင်းပြည်ထဲကို အရင်းအနှီးတွေမဝင်၊ လူတွေအလုပ်လက်မဲ့ဖြစ်ပြီး အဆိုးသံသရာထဲကနေ မရုန်းထွက်နိုင်ဖြစ်ရတယ်လို့ ချုပ်ပြီး နားလည်နိုင်ပါတယ်။

ဒေါ်အောင်ဆန်းစုကြည်ကလည်း လူတွေ အလုပ်အကိုင်အခွင့်အလမ်း မရှိတာဟာ နိုင်ငံဖွံ့ဖြိုးမှုကို ထိခိုက်ရုံမက အကျင့်စာရိတ္တကိုလည်း ပျက်စီးစေတယ်လို့ နိဝင်ဘာလ ၁၅ ရက်နေ့က အထူးစီးပွားရေးဇုန်တွေ ကိစ္စ ဆွေးနွေးပွဲမှာ ပြောခဲ့ပါတယ်။ နယ်စပ်ဒေသနဲ့ တိုင်းရင်းသားလူမျိုးများရဲ့ ဖွံ့ဖြိုးတိုးတက်မှုဟာ တတိုင်းပြည်လုံးရဲ့ဖွံ့ဖြိုးတိုးတက်မှု ဖြစ်တယ်လို့လည်း နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်က နိုဝင်ဘာလ ၂၈ ရက်နေ့က နေပြည်တော်မှာ ကျင်းပတဲ့ အစည်းအဝေးမှာ ပြောခဲ့ပါတယ်။

နှစ်ပေါင်းများစွာ ပြည်တွင်းစစ်ဒဏ်ခံနေရတဲ့ မြန်မာပြည်မှာ ပြည်သူလူထုအများစုကဆင်းရဲမွဲတေ နေကြပါတယ်။ ကျေးလက်နဲ့ မြို့ပြတို့ကို နှိုင်းယှဉ်ရင် ကျေးလက်ဒေသတွေက ပိုပြီး ဆင်းရဲတွင်းနက်ပါတယ်။ အဆင်းရဲဆုံးပြည်နယ်ဖြစ်တဲ့ ချင်းပြည်နယ်နဲ့ ရခိုင်ပြည်နယ်မှာ ပျမ်းမျှအနေနဲ့ လူ ၁၀ ယောက်တိုင်းမှာ ၇ ယောက်က ဆင်းရဲနွမ်းပါးကြပါတယ်။

ပြီးခဲ့တဲ့ နှစ်တွေအတါင်း ကမ္ဘာ့ဘဏ်အပါဝင် နိုင်ငံတကာ ဖွံ့ဖြိုးရေးအေဂျင်စီတွေကထုတ်တဲ့ အစီရင်ခံစာတွေမှာ မြန်မာပြည်ဟာ ဒေသတွင်းမှာ အဆင်းရဲဆုံး နိုင်ငံအဆင့်ကနေ မတက်နိုင်သေးတာကို ပြသနေပါတယ်။ ကုလသမဂ္ဂ အေဂျင်စီတစ်ခုဖြစ်တဲ့ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WEP) ရဲ့ နောက်ဆုံး အစီရင်ခံစာကို ကြည့်ပါဦး။

တိုင်းပြည်လူဦးရေရဲ့ လေးပုံတစ်ပုံဟာ ဆင်းရဲမွဲတေတဲ့ အခြေအနေမှာ ရှိနေကြတယ်။ ကလေးအားလုံးရဲ့ သုံးပုံတစ်ပုံဟာ အာဟာရချို့တဲ့တာကြောင့် ဖွံ့ဖြိုးမှုရပ်တန့်ရင်း အသက်ကြီးသွားကြတယ်။ ကျောင်းနေအရွယ် ကလေးတွေရဲ့ ထက်ဝက်ဟာ မူလတန်းပညာကိုပဲ ပြီးဆုံးအောင် သင်ကြားနိုင်ကြတယ်။ တီဘီရောဂါဖြစ်ပွားမှုနှုန်းက အာရှတိုက်မှာ အမြင့်ဆုံး ဖြစ်နေတယ်။ တိုင်းပြည်စီးပွားရေးဖွံ့ဖြိုးရေးအတွက် မောင်းနှင်အားဖြစ်တဲ့ လူငယ်တွေကြားမှာ HIV ကူးစက်တဲ့နှုန်းက ကမ္ဘာပေါ်မှာ အမြင့်ဆုံး ဖြစ်နေတယ်။

၂၀၁၆ မေလမှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အစိုးရ တက်လာပြီး ဦးစားပေး ဆောင်ရွက်နေတဲ့ကိစ္စဟာ ငြိမ်းချမ်းရေးဖြစ်ပြီး၊ စီးပွားရေးလုပ်ငန်းတွေအတွက် မရှိမဖြစ်လိုအပ်တဲ့ တည်ငြိမ်ပြီး တရားဥပဒေစိုးမိုးတဲ့ အခြေအနေကို ဖန်တီးပေးဖို့ ရည်ရွယ်ပါတယ်။ တိုင်းရင်းသားလက်နက်ကိုင်တွေနဲ့ ငြိမ်းချမ်းရေးရဖို့ ကြိုးစားနေတဲ့ တချိန်တည်းမှာ ပြီးခဲ့တဲ့ ဇူလိုင်လကုန်ပိုင်းမှာ စီးပွားရေးမူဝါဒသစ်ကို ထုတ်ပြန်ခဲ့ပါတယ်။

အချက် ၁၂ ချက်ပါတဲ့ စီးပွားရေးမူဝါဒမှာ တိုင်းပြည်စီးပွားရေး ဖွံ့ဖြိုးမှုအတွက် မျှော်မှန်းချက်တွေ ပါဝင်ပါတယ်။ အောက်တိုဘာလ ၁၈ ရက်နေ့မှာ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေကို ထုတ်ပြန်ပါတယ်။ "လာမည့်နှစ်သစ်တွင် ရင်းနှီးမြှုပ်နှံမှုကဏ္ဍကို တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံး အချိုးညီဖွံ့ဖြိုးတိုးတက်စေရန်" ဆောင်ရွက်နေတဲ့အကြောင်း ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေက ဒီဇင်ဘာလ ၁ ရက်နေ့က ကျင်းပတဲ့ စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးပွဲမှာ ပြောကြားခဲ့တယ်။ အရပ်သား အစိုးရသစ်ဟာ အရင်အစိုးရလက်ထက်ကတည်းက ကမ္ဘာ့ဘဏ်က ငွေကြေးထောက်ပံ့မှုနဲ့ အကောင်အထည်ဖော်နေတဲ့ ကျေးလက်ဒေသ ဆင်းရဲမွဲတေမှု လျော့ချရေး စီမံကိန်းတွေကို စတုတ္ထနှစ်အဖြစ် တိုးချဲ့လုပ်ဆောင်နေတာလည်း ရှိပါတယ်။

တဖက်က ဒီလို ဆောင်ရွက်နေပေမယ့် တိုင်းဒေသကြီး၊ ပြည်နယ်နဲ့ ဗဟိုအစိုးရတို့ကြားမှာ ပူးပေါင်းဆောင်ရွက်မှုက ပီပီပြင်ပြင်မရှိဘဲ ဖြစ်နေတဲ့ အကြောင်းလည်း နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က နိုဝင်ဘာလ ၂၈ ရက်နေ့က နေပြည်တော်မှာ ကျင်းပတဲ့ အစည်းအဝေးမှာ ပြောခဲ့ပါတယ်။

အရင်စစ်အစိုးရခေတ်ကတည်းက နယ်စပ်ဒေသနဲ့ တိုင်းရင်းသားလူမျိုးဖွံ့ဖြိုးရေးလို့ ကြွေးကြော်ခဲ့ပေမယ့် စစ်တပ်က ဦးဆောင်ရေးဆွဲထားတဲ့ ပြည်ထောင်စုပုံစံအရ လူနည်းစုဒေသတွေအတွက် အာဏာခွဲဝေရေး၊ ဘတ်ဂျက်ခွဲဝေရေး မမျှတဘူးလို့ လူနည်းစုတွေဘက်က ရှုမြင်ပါတယ်။ ဒါကြောင့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအောက်မှာ ဖွဲ့စည်းထားတဲ့ ဒီမိုကရေစီအစိုးရခေတ်အထိလည်း လက်နက်ကိုင်နည်းလမ်း၊ ဆန္ဒပြတဲ့ နည်းလမ်းတွေနဲ့ အာဏာခွဲဝေရေး၊ သယံဇာတ ခွဲဝေရေးတို့ အတွက် တောင်းဆိုတာတွေဟာ လျော့ကျ မသွားပါဘူး။

တိုင်းပြည်လူဦးရေ အများကြီး ဆင်းရဲကြတာ၊ မြို့ပြထက်စာရင် ကျေးလက်က ပိုပြီး ဆင်းရဲချို့တဲ့ရတဲ့အကြောင်းတွေ အများကြီး ရှိပါတယ်။ မြန်မာပြည်ရဲ့ အဓိကစီးပွားရေးက သဘာဝဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက်ရတနာ၊ သစ်တောထွက်၊ ရေထွက် စတဲ့ မြေပေါ်မြေအောက် သယံဇာတတွေ အပေါ် အများဆုံး မှီခိုနေရပါတယ်။ အရင်းအနှီးကဲတဲ့ ဒီလို စီးပွားရေးလုပ်ငန်းတွေကို လူတစုကပဲ ထိန်းချုပ်ထားပြီး လူများစုကြီးအတွက် အလုပ်အကိုင်တွေကို ဖန်တီး မပေးနိုင်ပါဘူး။

တိုင်းပြည်ကို ဆယ်စုနှစ်တွေချီ အုပ်ချုပ်ခဲ့တဲ့ စစ်အစိုးရဟာ စီးပွားရေးဖွံ့ဖြိုးဖို့အတွက် အခြေခံဖြစ်တဲ့ လမ်း၊ တံတား၊ ဆိပ်ကမ်း၊ လျှပ်စစ်မီး စတဲ့ အခြေခံအဆောက်အအုံတွေအတွက် လုံလောက်တဲ့ ရင်းနှီးမြှုပ်နှံမှု မလုပ်ခဲ့ပါဘူး။ အမြတ်အစွန်းများတဲ့ စီးပွားရေးလုပ်ငန်းတွေနဲ့ တိုင်းပြည် သယံဇာတတွေကို စိတ်တိုင်းကျ ချယ်လှယ်ခွင့်ရခဲ့တဲ့ လက်တဆုပ်စာ စီးပွားရေးသမားတွေကလည်း ရေရှည် တိုင်းပြည်စီးပွားရေး တစုံလုံး ဖွံ့ဖြိုးတိုးတက်ဖို့၊ အလုပ်အကိုင် အခွင့်အလမ်းသစ်တွေ ဖန်တီးပေးဖို့ နိုင်ငံတကာတန်းဝင် စီးပွားရေးလုပ်ငန်းတွေအဖြစ် မပြောင်းလဲနိုင်ဘဲ အခွင့်ထူးခံ ဘဝမှာပဲ ကျေနပ်ခဲ့ကြတယ်။

လက်ရှိအစိုး အပြောင်းအလဲ ဖြစ်သွားပေမယ့် ဆင်းရဲမွဲတေမှုကို နေ့ချင်းညချင်း ပပျောက်အောင် လုပ်လို့ရတဲ့အရာ မဟုတ်ပါဘူး။ ဒါပေမယ့် လာမယ့် အနှစ် ၂၀ မှာ မြန်မာနိုင်ငံဟာ စက်မှုရဲ့ စီးပွားရေးကို ကျော်တက်သွားဖို့ မျှော်လင့်တယ်လို့ နိုင်ငံတော်ရဲ့အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က နိုဝင်ဘာလကုန်ပိုင်း စက်မှုစခန်းစဉ်မှာ ပြောကြားခဲ့ပါတယ်။ ၂၀၁၀ အလွန်မှာ နိုင်ငံရေး အပြောင်းအလဲနဲ့အတူ မြန်မာပြည်မှာ အရင်ထက် မျှော်လင့်ချက်ရောင်ခြည် သမ်းလာပေမယ့် မှန်းသလို ဖြစ်မလာသေးတာကို အစိုးရကိုယ်တိုင်က ဝန်ခံထားပြီး ဖြစ်ပါတယ်။ တိုင်းပြည်စီးပွားရေး အဆောက်အအုံတခုလုံးနီးပါးကို စစ်တပ်နဲ့ လက်ဝေခံတွေက ချုပ်ကိုင်ထားဆဲ၊ ပြည်တွင်းငြိမ်းချမ်းရေးနဲ့ တရားဥပဒေစိုးမိုးရေးအတွက် မရေရာသေးတဲ့ အခြေအနေမှာ ရင်းနှီးမြှုပ်နှံသူတွေ စောင့်ကြည့်နေဆဲ အနေအထားမှာ ရှိနေပါတယ်။

**နေသွင်ညီဂျက်း**